# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါရန်တိုက်တွန်းပန်ကြားခြင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဧပြီလ (၂၈) ရက်

- ယခုအချိန်တွင် COVID-19 ကပ်ရောဂါဖြစ်ပွားနေသော်လည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပုံမှန်ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေး စီမံချက်လုပ်ငန်း (၆၈) ခု၏ လုပ်ငန်းဆောင်ရွက်မှုများကို လစ်ဟာမှုမရှိစေရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

- မကြာခင်မိုးရာသီကျရောက်တော့မည်ဖြစ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် မိုးရာသီ၌အဖြစ်များသော ရောဂါများအနက်မှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

- သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကျားကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားရခြင်းဖြစ်၍ ခြင်ကျားမရှိပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်မည်မဟုတ်ပါ။

- သွေးလွန်တုပ်ကွေးရောဂါကို သယ်ဆောင်သည့်ခြင်သည် နေအိမ်တွင်းနှင့် နေအိမ်ပတ်ဝန်းကျင်ရှိ ရေကြည်ရေသန့်တွင် ပေါက်ဖွားခြင်းဖြစ်သဖြင့် ပြည်သူများမှ မိမိတို့ နေအိမ်နှင့် ပတ်ဝန်းကျင်တွင် ခြင်ပေါက်ဖွားမှုမရှိစေရေး၊ ပိုးလောက်လန်းနှိမ်းနင်းရေးလုပ်ငန်းများကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှသာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။

- အိမ်တိုင်း၊ ရွာတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်းတွင် ခြင်ကျား၊ ပိုးလောက်လန်း တစ်ကောင်မျှမရှိအောင်နှိမ်နင်းခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်အောင် ကာကွယ်နိုင်မည် ဖြစ်ပါသည်။

- သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ အောင်မြင်မှုရရှိစေရေး၌ အဓိကအရေးကြီးဆုံးအချက်မှာ ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

- ပြည်သူများပါဝင်ဆောင်ရွက်နိုင်ရန်အတွက် သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများကို ရပ်ကွက်၊ ကျေးရွာများတွင် လက်ကိုင်အသံချဲ့စက်ငယ်/ အသံချဲ့စက်များအသုံးပြု၍ အခြေခံကျန်းမာရေး ဝန်ထမ်းပညာရှင်များနှင့် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ လုပ်ဆောင်သွားရန်လိုအပ်ပါသည်။

- အခြေခံကျန်းမာရေးဝန်ထမ်းပညာရှင်များနှင့် ရပ်ရွာပြည်သူလူထု၊ ဒေသခံ လူမှုရေးအဖွဲ့အစည်းများ မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ကြမည်ကို မြို့နယ်အလိုက် စီမံချက်များရေးဆွဲနိုင်ရန် ဗဟိုမှ လုပ်ငန်းလမ်းညွှန်များ ချမှတ်ပေးသွားမည် ဖြစ်ပါသည်။

- သွေးလွန်တုပ်ကွေးရောဂါသည် ပြည်သူ့ကျန်းမာရေးအခြေခံနိယာမများကို အသုံးပြု၍ ဆောင်ရွက်ပါက ရောဂါဖြစ်ပွားမှုနှုန်းကို ထိရောက်စွာလျှော့ချနိုင်မည် ဖြစ်ပါသည်။

- အခြေခံပညာ ကျောင်းများဖွင့်လာချိန်တွင်လည်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ် ရေးလုပ်ငန်းများ၊ အသိပညာပေးနှိုးဆော်မှုများကိုလည်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် **<u>ယခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်း ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်သွားမည်</u>**ဖြစ်ပြီး ပြည်သူလူထု၊ လူမှုရေး အဖွဲ့အစည်းများနှင့် ဒေသအာဏာပိုင်များ အားလုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြ ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**